ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

သတ္တုတွင်းဦးစီးဌာန

နှင့်

--------- ကုမ္ပဏီလီမိတက်တို့၏

------- ပြည်နယ်/တိုင်းဒေသကြီး၊ ----- ခရိုင်၊ ----- မြို့နယ်၊ ------ ဒေသ

------- နှင့်ဆက်စပ်သတ္တုများ

စမ်းသပ်တိုင်းတာရေးလုပ်ငန်း

သက်တမ်းတိုး သဘောတူစာချုပ်

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း(၁) | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၂ |
| အခန်း(၂) | ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း | ၄ |
| အခန်း(၃) | သဘောတူလုပ်ကွက်ဧရိယာနှင့် စွန့်လွှတ်ခြင်း | ၅ |
| အခန်း(၄) | ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် စာချုပ်အကျိုးသက်ရောက်သည့်နေ့ | ၆ |
| အခန်း(၅) | လုပ်ငန်းအစီအစဉ် | ၆ |
| အခန်း(၆) | စမ်းသပ်တိုင်းတာရေးလုပ်ငန်း | ၇ |
| အခန်း(၇) | လိုက်နာရမည့်တာဝန်များ | ၈ |
| အခန်း(၈) | ဘဏ်နှင့် ငွေသားဆိုင်ရာအခွင့်အရေးများ | ၁၃ |
| အခန်း(၉) | အာမခံစပေါ်ငွေ | ၁၄ |
| အခန်း(၁၀) | အဆိုပြုငွေ | ၁၄ |
| အခန်း(၁၁) | အာမခံထားရှိခြင်း | ၁၅ |
| အခန်း(၁၂) | အခွန်အခများ | ၁၅ |
| အခန်း(၁၃) | ပုံသေမြေငှားရမ်းခ | ၁၅ |
| အခန်း(၁၄) | ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ | ၁၅ |
| အခန်း(၁၅) | မှတ်တမ်းများ၊ ငွေစာရင်းများနှင့် စာရင်းစစ်ခြင်း | ၁၇ |
| အခန်း(၁၆) | လျှို့ဝှက်ထိန်းသိမ်းခြင်း | ၁၇ |
| အခန်း(၁၇) | စာချုပ်သက်တမ်းကာလ၊ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့် ရပ်စဲခြင်း | ၁၈ |
| အခန်း(၁၈) | အထွေထွေ | ၂၀ |
| အခန်း(၁၉) | စာချုပ်ပြန်လည်ညှိနှိုင်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း | ၂၀ |
| အခန်း(၂၀) | သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးစီမံချက် | ၂၀ |
| အခန်း(၂၁) | လိုက်နာရမည့်ဥပဒေ | ၂၂ |
| အခန်း(၂၂) | မလွန်ဆန်နိုင်သောဖြစ်ရပ်များ | ၂၂ |
| အခန်း(၂၃) | အငြင်းပွားမှုဖြေရှင်းခြင်း | ၂၃ |
| အခန်း(၂၄) | လွှဲပြောင်း၍မရနိုင်သော အခွင့်အရေး | ၂၃ |
| အခန်း(၂၅) | ကြိုတင်ပြဋ္ဌာန်းမှုအခြေအနေ | ၂၄ |
| အခန်း(၂၆) | ရင်းနှီးမြှုပ်နှံမှုပမာဏ | ၂၄ |
| အခန်း(၂၇) | အစစ်အမှန်ဖြစ်ခြင်း | ၂၄ |

## နောက်ဆက်တွဲများ

| | | |
|---|---|---|
| နောက်ဆက်တွဲ (က) | ၊ | သဘောတူလုပ်ကွက်ဧရိယာ၏တည်နေရာပြမြေပုံ။ |
| နောက်ဆက်တွဲ (ခ) | ၊ | သဘောတူလုပ်ကွက်ဧရိယာနှင့် ပုံသဏ္ဍာန်ပြမြေပုံ။ |
| နောက်ဆက်တွဲ (ဂ) | ၊ | သဘောတူလုပ်ကွက်ဧရိယာ၏ မြေစာရင်းပုံစံ။ |
| နောက်ဆက်တွဲ (ဃ) | ၊ | ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ လုပ်ထုံးလုပ်နည်း။ |
| နောက်ဆက်တွဲ (င) | ၊ | ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးကာလအတွင်း ---------- ကုမ္ပဏီလီမိတက်မှ အသုံးပြုမည့် စက်ကိရိယာနှင့် စက်အရန်ပစ္စည်းများ။ |
| နောက်ဆက်တွဲ (စ) | ၊ | မြေငှားရမ်းခနှင့် အနည်းဆုံးအသုံးစရိတ်။ |
| နောက်ဆက်တွဲ (ဆ) | ၊ | ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၏ သတ္တုသိုက်စံနှုန်း သတ်မှတ်ချက် |

## -------------------- စမ်းသပ်တိုင်းတာရေးလုပ်ငန်း

## သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ----- ခုနှစ် ------- လ -------- ရက်နေ့တွင် နေပြည်တော်၌ ဦးဝင်းထိန်၊ ညွှန်ကြားရေးမှူးချုပ် ကိုယ်စားပြုသော "သတ္တုတွင်းဦးစီးဌာန" ၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ ရုံးအမှတ်(၁၉)၊နေပြည်တော် (နောင်တွင် " သတ္တုတွင်းဦးစီးဌာန " ဟု ခေါ်ဆိုမည် ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်) တစ်ဖက်နှင့်

ဦး/ဒေါ် ------ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ---/-----(----)-----၊ မန်နေးဂျင်း -----၊ ------- ကုမ္ပဏီလီမိတက် ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော အမှတ်(----)၊ ----- လမ်း၊ ------ ရပ်ကွက်၊ ------- မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်တွင် တည်ရှိသည့် ------ ကုမ္ပဏီလီမိတက် (နောင်တွင် "**ကန်ထရိုက်တာ**" ဟုခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါသဘောတူညီချက်များနှင့်အညီ နှစ်ဖက်သဘောတူ ချုပ်ဆိုကြပါသည်။

## ကျိုးကြောင်းဖော်ပြချက်

**ဤစာချုပ်နှင့်စပ်လျဉ်း၍ ဖော်ပြလိုသည့်မှာ-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**သည် သတ္တုကဏ္ဍ တိုးတက်မြင့်မားစေရန် ဆန္ဒရှိပြီး ဤသဘောတူစာချုပ်နှင့် ပတ်သက်၍ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

( ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအရ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**သည် ကန်ထရိုက်တာသို့ ----- ပြည်နယ်/တိုင်းဒေသကြီး၊ ----- ခရိုင်၊ ----- မြို့နယ်၊ ------ဒေသတွင် ------ စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခွင့် ပြုပိုင်ခွင့်ရှိသည်။

( ဂ) ကန်ထရိုက်တာမှ လုပ်ငန်းများဆောင်ရွက်ခွင့်ရရှိရန် **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**မှ သတ္တုတွင်းဦးစီးဌာနအား စာချုပ်ချုပ်ဆိုခွင့်၊ ကိုယ်စားဆောင်ရွက်ခွင့် ပြုပါသည်။

(ဃ) ကန်ထရိုက်တာသည် ----------- စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ရန် ပြည့်စုံခိုင်မာသော အတွေ့အကြုံရှိသည့်အပြင် ဤစာချုပ်ပါဧရိယာ၏ လုပ်ငန်းစီမံချက်အတွက် နည်းပညာများ၊ နည်းလမ်းများလုပ်ငန်းအတွေ့အကြုံများနှင့် ဘဏ္ဍာရေးတို့ ပြည့်စုံစွာရှိ ပါသည်။

( င) ကန်ထရိုက်တာသည် သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စာချုပ်ပါဧရိယာတွင် -------- စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဆန္ဒရှိပါသည်။ ထို့ကြောင့် သတ္တုတွင်းဦးစီးဌာန နှင့် ကန်ထရိုက်တာတို့သည် သဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့်အတိုင်း လိုက်နာကြပါမည်။

အခန်း (၁)

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အခြားသောနည်းလမ်းအားဖြင့် ဖွင့်ဆိုရန်မလိုအပ်ပါက အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁. ၁။ **ငွေစာရင်းလုပ်ထုံးလုပ်နည်း** ဆိုသည်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သတ်မှတ်ရေးဆွဲထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း ဖြစ်ပါသည်။

၁. ၂။ **သဘောတူလုပ်ကွက်ဧရိယာ** ဆိုသည်မှာ ဤစာချုပ်တွင် နောက်ဆက်တွဲ(က)ပါ ပူးတွဲဖော်ပြထားသည့် မြေပုံပါ လုပ်ကွက်ဧရိယာကို ဆိုလိုသည်။

၁. ၃။ **တွဲဖက်သတ္တုရိုင်း** ဆိုသည်မှာ သဘောတူလုပ်ကွက် ဧရိယာတွင် ----- သတ္တုတူးဖော်ထုတ်လုပ်သည့်အခါ ဘူမိဗေဒဆိုင်ရာဖြစ်စဉ်များအရ တွဲဖက်တွေ့ရှိရသော သတ္တုအားလုံးကို ဆိုလိုပါသည်။

၁. ၄။ **စာရင်းစစ်ချုပ်ရုံး** ဆိုသည်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ဆိုလိုပါသည်။

၁. ၅။ **အသုံးစရိတ်လျာထားချက်** ဆိုသည်မှာ အခန်း (၅)၊ အပိုဒ်(၅.၄)တွင် ဖော်ပြထားသည့်အတိုင်း လုပ်ငန်းကာလအတွင်း သုံးစွဲမည့် ကန်ထရိုက်တာ၏ ကုန်ကျစရိတ်အားလုံးကို ခန့်မှန်း၍ ဖော်ပြထားသော အသေးစိတ်ငွေစာရင်းကို ဆိုလိုသည်။

၁. ၆။ **သတ္တုသိုက်** ဆိုသည်မှာ သဘောတူသည့် လုပ်ကွက်ဧရိယာအတွင်း ------- စမ်းသပ်တိုင်းတာရေး လုပ်ငန်း တည်ရှိခြင်း (သို့မဟုတ်) တွေ့ရှိခြင်းကို ဆိုလိုသည်။

၁. ၇။ **ပတ်ဝန်းကျင်** ဆိုသည်မှာ လူ့ပတ်ဝန်းကျင်ရှိ မြေ၊ ရေ၊ လေ၊ ရာသီဥတု၊ အသံ၊ အနံ့၊ တိရိစ္ဆာန်နှင့် အပင်တို့၏ ဆက်စပ်မှုကို ဆိုလိုသည်။

၁. ၈။ **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်စဉ်ပြက္ခဒိန်နှစ် တစ်နှစ်၏ ဧပြီလ ၁ ရက်နေ့မှစတင်၍နောင်လာမည့်နှစ် မတ်လ ၃၁ ရက်နေ့ကို ဆိုလိုသည်။

၁. ၉။ **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် အစိုးရအဖွဲ့လက်အောက်ခံ အဖွဲ့အစည်းအသီးသီးကို ဆိုလိုသည်။

၁. ၁၀။ **ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ** ဆိုသည်မှာ အခန်း(၁၅)အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုလိုသည်။

၁. ၁၁။ **ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း** ဆိုသည်မှာ သဘောတူထားသည့် လုပ်ကွက်ဧရိယာနှင့် သက်ဆိုင်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့အတွင်း တရားစီရင်ပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းကို ဆိုလိုသည်။

၁. ၁၂။ **ပြည်တွင်းသုံးငွေကြေး** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သတ်မှတ်ပေးထားသော မြန်မာကျပ်ငွေ ကိုဆိုလိုသည်။

၁. ၁၃။ **ဓာတ်သတ္တု** ဆိုသည်မှာ -------နှင့်ဆက်စပ်သတ္တုများဖြစ်၍ တစ်ပိုင်းတစ်စသော်လည်းကောင်း၊ လုံးဝ ဥဿုံသော်လည်းကောင်း ကျိုချက်ခြင်း၊ သန့်စင်ခြင်း(သို့မဟုတ်) သဘာဝအတိုင်းကို ဆိုလိုသည်။ ------ နှင့်ဆက်စပ်သတ္တုများ မည်မျှပင်ပါသည်ဖြစ်စေ အဆိုပါ သတ္တုသိုက်ကို တူးဖော်ထုတ်လုပ်သည့်အခါ ------ နှင့်ဆက်စပ်သတ္တု ပါဝင်ပါက .....................သတ္တုသိုက်ဟု သတ်မှတ်သည်။

၁. ၁၄။ **ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေး** ဆိုသည်မှာ သတ္တုသိုက်၏ အရွယ်အစား၊ ပုံသဏ္ဌာန်၊ တည်နေရာ၊ ပမာဏနှင့် အရည်အသွေးတို့ကို သတ်မှတ်နိုင်ရန် တိုင်းတာခြင်းကို ဆိုလိုသည်။

၁. ၁၅။ **ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ခြင်း** ဆိုသည်မှာ ကန်ထရိုက်တာမှ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးကာလအတွင်း ဆောင်ရွက်ချက်များကို ဆိုလိုသည်။

၁. ၁၆။ **ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးကာလ** ဆိုသည်မှာ အခန်း (၆)၊ အပိုဒ် (၆.၁) (ခ)အရ ဖော်ပြထားသော စမ်းသပ်တိုင်းတာရေးကာလ မူလခွင့်ပြုသက်တမ်း ၁(တစ်)နှစ်နှင့် တစ်ကြိမ်လျှင် ၁(တစ်)နှစ် သက်တမ်းစီဖြင့် (၂)ကြိမ်ကို ဆိုလိုသည်။

၁. ၁၇။ **အနည်းဆုံးအသုံးစရိတ်လိုအပ်ချက်** ဆိုသည်မှာ ကန်ထရိုက်တာမှ --------စမ်းသပ်တိုင်းတာရေးလုပ်ငန်းကာလအတွင်း အခန်း (၆)၊ အပိုဒ် (၆.၂)နှင့် အခန်း(၇) အပိုဒ် (၇.၃) တို့အရ ဖော်ပြထားသည့်အတိုင်း အနည်းဆုံးသုံးစွဲရမည့် အသုံးစရိတ်ကိုဆိုလိုသည်။

၁. ၁၈။ **သတ္တုတွင်းဥပဒေ** ဆိုသည်မှာ ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာထားသည့် မြန်မာ့သတ္တုတွင်းဥပဒေနှင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းသည့် ပြင်ဆင်သည့် မြန်မာ့သတ္တုတွင်းဥပဒေကို ဆိုလိုသည်။

၁. ၁၉။ **သတ္တုတွင်းနည်းဥပဒေ** ဆိုသည်မှာ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ** ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ထားသည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ဆိုလိုသည်။

၁. ၂၀။ **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ ပြည်ထောင်စုဝန်ကြီး ကို ဆိုလိုသည်။

၁. ၂၁။ **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ ကို ဆိုလိုသည်။

၁. ၂၂။ **ဝန်ကြီးဌာန ခွင့်ပြုမိန့်** ဆိုသည်မှာ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** မှ ကန်ထရိုက်တာသို့ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုလိုသည်။

၁. ၂၃။ **လုပ်ငန်းဆောင်ရွက်ခြင်း** ဆိုသည်မှာ သဘောတူစာချုပ်ပါအတိုင်း စမ်းသပ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။

၁. ၂၄။ **(သ-၂)အဆင့် သတ္တုရိုင်းသိုက်အမျိုးအစား** ဆိုသည်မှာ သတ္တုရိုင်းတန်ချိန်တွက်ချက်ရာတွင် အလျား၊ အနံ၊ အနက်တို့ကို သုံးဖက်မြင်စနစ်တကျတိုင်းတာခြင်း၊ ကိုယ်စားပြုနမူနာများကို အနီးဆုံးအကွာအဝေးဖြင့် ရယူခြင်းနှင့် ဘူမိဗေဒအချက်အလက်များကို အခြေခံ၍ တွက်ချက်သော သတ္တုသိုက်ပမာဏဖြစ်သည်။ (နောက်ဆက်တွဲ- (ဆ))

၁. ၂၅။ **တန်ချိန်** ဆိုသည်မှာ ကီလိုဂရမ် (၁၀၀၀) ရှိသော ၁ မက်ထရစ်တန်ကိုဆိုလိုသည်။

၁. ၂၆။ **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ မည်သည့်အစိုးရ ပြည်ထောင်စုဝန်ကြီးဌာနကိုမဆို လုပ်ငန်းနှင့် ဆက်စပ်နေသော ပြည်ထောင်စုဝန်ကြီးဌာနများကို ဆိုလိုသည်။

၁. ၂၇။ **အာမခံစပေါ်ငွေ** ဆိုသည်မှာ ကန်ထရိုက်တာမှ အခန်း(၁၀)တွင် ဖော်ပြထားသည့်အတိုင်း ဘဏ်အာမခံစပေါ်ငွေ ထားရှိရန် ဆိုလိုပါသည်။

၁.၂၈။ **သက်တမ်းကာလ** ဆိုသည်မှာ အခန်း(၄)အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**၏ ခွင့်ပြုမိန့်ပါ လုပ်ငန်းစတင် ဆောင်ရွက်ရန် ခွင့်ပြုသော အကျိုးသက်ရောက်သည့် နေ့ရက်မှစတင်၍ ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ကုန်ဆုံးသည့်နေ့ထိ ဤသဘောတူစာချုပ် အချိန်ကာလကို ဆိုလိုသည်။

၁.၂၉။ **အမေရိကန်ဒေါ်လာ** ဆိုသည်မှာ အမေရိကန်နိုင်ငံသုံးငွေကြေးကို ဆိုလိုသည်။

၁.၃၀။ **လုပ်ငန်းအစီအစဉ်** ဆိုသည်မှာ အခန်း(၅)အရ ကန်ထရိုက်တာမှ ရေးဆွဲတင်ပြသည့် လုပ်ငန်းစီမံချက် အစီအစဉ်ကို ဆိုလိုသည်။

၁.၃၁။ **လူပုဂ္ဂိုလ်** ဆိုသည်မှာ တွဲဖက်ဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ တွဲဖက်ဆောင်ရွက်ခြင်းမရှိသည့် ပုဂ္ဂိုလ် (သို့မဟုတ်) အခြားသီးခြားရပ်တည်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းတစ်ရပ်ရပ်တို့ပါဝင်သည်။

၁.၃၂။ **အခန်း** ဆိုသည်မှာ ဤသဘောတူစာချုပ်၏ အခန်းများကို ဆိုလိုသည်။

## အခန်း (၂)
## ကိုယ်စားပြုခြင်းနှင့်အာမခံခြင်း

### ၂.၁။ စာချုပ်ဝင်များမှ ကိုယ်စားပြုခြင်းနှင့် အာမခံခြင်းများ

စာချုပ်ဝင်အသီးသီးသည် ကိုယ်စားပြုခြင်းနှင့် အာမခံခြင်းများ ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေများအရ ခွင့်ပြုထားသော တရားဝင် ပုဂ္ဂိုလ်/အဖွဲ့အစည်းဖြစ်ပြီး ဤသဘောတူစာချုပ် ချုပ်ဆိုရန်အတွက် လုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းခြင်းရှိကြောင်းကို အသီးသီးအာမခံကြသည်။

(ခ) ဤစာချုပ်သဘောတူညီချက်အား လက်မှတ်ရေးထိုးရန် အခွင့်အာဏာပိုင်ဆိုင်သည်။

(ဂ) ဤသဘောတူညီချက်သည် တရားဝင်စည်းနှောင်ခြင်းရှိသည်။

### ၂.၂။ သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

(က) **သတ္တုတွင်းဦးစီးဌာန**သည် မြန်မာနိုင်ငံသတ္တုတွင်းဥပဒေအရ သဘောတူသည့် လုပ်ကွက် ဧရိယာအတွင်း လုပ်ငန်းများဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) သဘောတူသည့်လုပ်ကွက်၏ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အားလုံးကို မည်သည့်တတိယ အဖွဲ့အစည်းကိုမျှ လိုင်စင်၊ စမ်းသပ်တိုင်းတာရေးလုပ်ငန်း လုပ်ကိုင်ခွင့်များ ပေးထားခြင်းမရှိပါ။

## အခန်း (၃)
## သဘောတူလုပ်ကွက်ဧရိယာနှင့်စွန့်လွှတ်ခြင်း

### ၃.၁။ သဘောတူလုပ်ကွက်ဧရိယာ

(က) သဘောတူညီသည့်လုပ်ကွက်ဧရိယာဆိုသည်မှာ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော လုပ်ကွက်ကို ဆိုလိုသည်။ ဤစာချုပ်ပါ သဘောတူညီသည့်လုပ်ကွက်၏ မူလသတ်မှတ်ထားသော ဧရိယာမှာ လုပ်ကွက် ------- စတုရန်းကီလိုမီတာ (------ ဧက) ဖြစ်ပါသည်။ ၎င်းဧရိယာတွင် ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းမပြုမီ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**အောက်ရှိ သတ္တုတွင်းဦးစီးဌာနနှင့် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း ဌာနများသို့ ခွင့်ပြုမိန့်ထုတ်ပေးထားသော သတ္တုတွင်းဧရိယာများ မပါဝင်စေရ။

(ခ) ဤစာချုပ်ပါ ဧရိယာတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ မြို့၊ ကျေးရွာ၊ လမ်း၊ စိုက်ပျိုးဧရိယာ၊ စက်မှုလက်မှုမြေနေရာ၊ လမ်းမကြီးများ၊ အဓိကဆက်သွယ်ရေးစနစ်နှင့် လမ်းကြောင်းများ၊ ဘာသာရေးဆိုင်ရာမြေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ လက်အောက်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကန့်သတ်ထားသော ဧရိယာများ၊ စီမံကိန်းနယ်မြေများတွင် ကန်ထရိုက်တာမှ စမ်းသပ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ရန် ခွင့်မပြုပါ။

### ၃.၂။ ယေဘုယျစွန့်လွှတ်ခြင်း

(က) ကန်ထရိုက်တာသည် သဘောတူညီသည့်လုပ်ကွက်၏ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း အချိန်မရွေး အကြိမ်ကြိမ် စွန့်လွှတ်ခွင့် အတွက် ဘဧရသို့ စာရေး၍တောင်းခံနိုင်သည်။

(ခ) ထိုသို့စာရေးတောင်းခံရာတွင် လုပ်ကွက်ဧရိယာအတွင်း ဆောင်ရွက်တွေ့ရှိချက် အချက်အလက်များ၊ ဘူမိဗေဒတွေ့ရှိချက်များ၊ ကျွမ်းကျင်မှုဆိုင်ရာအချက်အလက်များ ဖော်ပြထားသော အစီရင်ခံစာကို ပူးတွဲတင်ပြရမည်။

(ဂ) လုပ်ကွက်စွန့်လွှတ်ခွင့်ပြုရန် တင်ပြပြီးသည့် ဧရိယာများ၏ ဘူမိဗေဒနှင့် စမ်းသပ်တိုင်းတာရေး ဆိုင်ရာ အချက်အလက်အားလုံးသည် **ဘဧရ**မှ ပိုင်ဆိုင်စေရမည်။

(ဃ) စွန့်လွှတ်ပြီးလက်ကျန်ဧရိယာသည် တစ်ဆက်တစ်စပ်တည်းဖြစ်ရမည်။

## အခန်း (၄)
## ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် စာချုပ်အကျိုးသက်ရောက်သည့်နေ့

### ၄.၁။ ခွင့်ပြုမိန့်ထုတ်ပေးခြင်း

အကျိုးသက်ရောက်သည့်နေ့တွင် **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၏ သဘောတူခွင့်ပြုချက်ဖြင့် သတ္တုတွင်းဦးစီးဌာနသည် ------ နှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကန်ထရိုက်တာသို့ ထုတ်ပေးမည်။

ခွင့်ပြုမိန့်တွင်ပါရှိသည့် လုပ်ငန်း စတင်လုပ်ကိုင်ခွင့်ပြုသည့် နေ့ရက်တို့သည် အခန်း(၁၈) အပိုဒ်(၁၈.၁) အရ သတ်မှတ်သည့် စာချုပ်သက်တမ်း ကာလအတွက် စာချုပ်သက်ဝင် အကျိုးသက်ရောက် စေရမည်။

၄.၂။ **စာချုပ်အကျိုးသက်ရောက်သည့်နေ့**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**မှ ကန်ထရိုက်တာသို့ ထုတ်ပေးသော ------ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်တွင်ပါရှိသည့် လုပ်ငန်းစတင်လုပ်ကိုင်ရန် ခွင့်ပြုသည့် နေ့ဖြစ်သည့် ----- ခုနှစ်၊ ----- လ၊ ------ ရက်နေ့မှစ၍ စတင်အကျိုးသက်ရောက်စေရမည်။

အခန်း (၅)

**လုပ်ငန်းအစီအစဉ်**

၅.၁။ **လုပ်ငန်းအစီအစဉ်ကြိုတင်ပြင်ဆင်ခြင်း**

ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးလုပ်ငန်းအတွက် လုပ်ငန်းအစီအစဉ် ရေးဆွဲရမည်။

၅.၂။ **လုပ်ငန်းအစီအစဉ်တင်ပြခြင်း**

(က) ရေးဆွဲထားသောလုပ်ငန်းအစီအစဉ်ကို သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး (၁) လအတွင်း သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။

(ခ ) ကန်ထရိုက်တာက တင်ပြသည့်လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ သတ္တုတွင်းဦးစီးဌာနက သဘောထား မှတ်ချက်ပေးနိုင်သည်။ သတ္တုတွင်းဦးစီးဌာန၏ သဘောထားမှတ်ချက်အတိုင်း ကန်ထရိုက်တာက လုပ်ငန်း အစီအစဉ်ကို ပြင်ဆင်၍ တင်ပြရမည်။

၅.၃။ **လုပ်ငန်းဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ လိုက်နာခြင်း**

ကန်ထရိုက်တာသည် သတ္တုတွင်းဦးစီးဌာနမှ လက်ခံထားသည့် သတ္တုတွင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်း ဆောင်ရွက်ရမည်။ ၎င်းအပြင် ကန်ထရိုက်တာသည် သဘောတူစာချုပ်နှင့် **သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ ပြဋ္ဌာန်းချက်များနှင့် အစိုးရဌာနများက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာ ရမည်။

၅.၄။ **အသုံးစရိတ်လျာထားချက်**

ကန်ထရိုက်တာသည် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်တွင် လုပ်ငန်းကာလအတွင်း သုံးစွဲမည့် အသုံးစရိတ်လျာထားချက်များကို ဖော်ပြရမည်။

## အခန်း(၆)
## စမ်းသပ်တိုင်းတာရေးလုပ်ငန်း

### ၆.၁။ စတင်ဆောင်ရွက်ခြင်းနှင့် ကာလ

(က) သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနောက် (၁)လအတွင်း ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။ လုပ်ငန်း အစီအစဉ်အတိုင်း စမ်းသပ်တိုင်းတာရေးလုပ်ငန်းကို အမြန်ဆုံးစတင်ဆောင်ရွက်ရမည်။ စမ်းသပ်တိုင်းတာရေးလုပ်ငန်းအစီအစဉ်တွင် ဘူမိဗေဒဆိုင်ရာ အသေးစိတ်မြေပုံရေးဆွဲခြင်း၊ ဘူမိဓာတုဗေဒနှင့် ဘူမိရူပဗေဒတိုင်းတာခြင်း၊ မြေတိုင်းတာခြင်း၊ အစမ်းကျင်းနှင့် အစမ်းမြောင်းရှည်များ တူးဖော်ခြင်း၊ စိန်လွန်တွင်းများတူးဖော်ခြင်း၊ နမူနာများ ရယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း စသည့်လုပ်ငန်းများ အသေးစိတ်ပါဝင်ရမည်။

(ခ) စမ်းသပ်တိုင်းတာရေးကာလသည် မူလခွင့်ပြုသက်တမ်း ၁(တစ်)နှစ်နှင့် တစ်ကြိမ်လျှင် ၁(တစ်)နှစ် သက်တမ်း စီဖြင့် (၂)ကြိမ်ဖြစ်သည်။

### ၆.၂။ စမ်းသပ်တိုင်းတာရေးလုပ်ငန်းကာလ အနည်းဆုံးအသုံးစရိတ်အတွက် လိုအပ်ချက်များ

(က) ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးကာလအတွင်း နောက်ဆက်တွဲ(စ)ပါ သတ်မှတ်အသုံးစရိတ်ထက် လျော့မသုံးရပါ။

( ခ) သဘောတူစာချုပ်ပါ အချက်များအရ မည်သို့ပင်ဆိုစေကာမူ စမ်းသပ်တိုင်းတာရေးလုပ်ငန်းအတွက် သုံးစွဲသည့်အသုံးစရိတ်သည် အနည်းဆုံးအသုံးစရိတ်၏ ၃၀ % ထက် မနည်းစေရ။

( ဂ) စမ်းသပ်တိုင်းတာရေးကာလအတွင်း အနည်းဆုံးအသုံးစရိတ် လိုအပ်ချက်တွက်ချက်ရာတွင် သဘောတူသည့် လုပ်ကွက်၏ အရွယ်ပမာဏအပေါ်မူတည်၍ ထည့်သွင်းတွက်ချက်ရမည်။ (အခန်း(၃)၊ အပိုဒ်(၃.၂)အရ စွန့်လွှတ်သည့်ဧရိယာများ အပါအဝင်ဖြစ်သည်။)

(ဃ) ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျခံထားသောအသုံးစရိတ်များနှင့် အခန်း(၁၄)အရ ပေးသွင်းရမည့် ပုံသေမြေငှားရမ်းခများအားလုံးကို စမ်းသပ်တိုင်းတာရေးကာလအတွင်း ကျခံရမည့် အနည်းဆုံးအသုံးစရိတ်လိုအပ်ချက် တွက်ချက်ရာတွင် ထည့်သွင်းရမည်။

### ၆.၃။ စီမံခန့်ခွဲမှုကုန်ကျစရိတ်

အခန်း(၆)၊ အပိုဒ်(၆.၂)နှင့် နောက်ဆက်တွဲ(စ)အရ ကန်ထရိုက်တာသည် အနည်းဆုံးအသုံးစရိတ် လိုအပ်ချက်များ ပြည့်မီခြင်း ရှိ/မရှိ စိစစ်ရာတွင် လုပ်ငန်းကုန်ကျစရိတ်အားလုံး၏ ၁၅ % ကို ကန်ထရိုက်တာ၏ ရုံးချုပ် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေး အသုံးစရိတ်အဖြစ် ထည့်သွင်းဖော်ပြနိုင်ခွင့်ရှိသည်။

### ၆.၄။ အစီရင်ခံစာတင်ပြခြင်း

စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီရင်ခံစာကို သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။ အစီရင်ခံစာတွင် .................သတ္တုသိုက်အပေါ်

အခြေခံထားသော နည်းပညာပိုင်းဆိုင်ရာ တွက်ချက်မှုများနှင့် စီးပွားရေးဆိုင်ရာအယူအဆများ သုံးသပ်ချက်များကို မြေပုံများ၊ တိုင်းတာရရှိသော သတင်းအချက်အလက်များ အထောက်အထားများဖြင့် ပြည့်စုံစွာဖော်ပြရန်ဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် သင့်/မသင့် ဆုံးဖြတ်နိုင်သည့် အစီရင်ခံစာဖြစ်ရမည်။ အစီရင်ခံစာတွင် ဖော်ပြပါရှိသော သတင်းအချက်အလက်နှင့် ကုမ္ပဏီ၏ ထင်မြင်ယူဆချက်များသည် နိုင်ငံတော် အကျိုးအလို့ငှာ ဖြစ်စေရမည်။

## အခန်း (၇)
## လိုက်နာရမည့်တာဝန်များ

၇.၁။ **ကန်ထရိုက်တာမှလိုက်နာရမည့်တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

(က) စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအား ၎င်း၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ရမည်။

( ခ) စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ အားလုံးအတွက် တာဝန်ရှိစေရမည်။

( ဂ) စာရင်းပညာဘွဲ့ရ ပုဂ္ဂိုလ်များကို လုပ်ငန်းလိုအပ်ချက်ပေါ် မူတည်၍ ခန့်ထားရန်ဖြစ်သည်။

(ဃ) ကုမ္ပဏီဝန်ထမ်းများနှင့် မိသားစုများသည် မြန်မာနိုင်ငံ၏ဥပဒေကို လေးစားလိုက်နာရမည် ဖြစ်ပြီး ဘာသာရေးနှင့် နိုင်ငံရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရ။

( င) စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်စဉ်ကာလအတွင်း **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**မှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

( စ) သဘောတူသည့်လုပ်ကွက်ဧရိယာနှင့် ပတ်ဝန်းကျင်တို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် တာဝန်ရှိစေရမည်။ ကန်ထရိုက်တာသည် သဘောတူလုပ်ကွက် ဧရိယာတွင် လုပ်ငန်း ဆောင်ရွက်စဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရေ၊ မြေ၊ လေနှင့် ရေဆိုးသန့်စင်ခြင်း စသည်တို့၏ အစီအမံများ၊ ကြိုတင်ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ထားရှိရမည်။

(ဆ) ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီက လက်ခံနိုင်သော စမ်းသပ်တိုင်းတာရေးလုပ်ငန်း များဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ရမည်။

( ဇ) ကျွမ်းကျင်သူပညာရှင်ဦးရေ၏ ၂၅ % ထက်မနည်းသော ဝန်ထမ်းဦးရေအတွက် သတ္တုတွင်း ဦးစီးဌာနမှ အဆိုပြုဝန်ထမ်းများကို ခန့်ထားရမည်။

( ဈ) အလုပ်သမားများ၊ ဝန်ထမ်းများ အလုပ်ခန့်ထားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အလုပ်သမား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခန့်ထားရမည်။

(ည) စမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီရင်ခံစာအပြည့်အစုံကို သတ္တုတွင်းဦးစီးဌာနသို့ အချိန်မီ တင်ပြရမည်။

( ဋ) သဘောတူစာချုပ်ရပ်စဲလျှင် (သို့မဟုတ်) သက်တမ်းကုန်ဆုံးလျှင် **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**ခွင့်ပြုမိန့်ကို သတ္တုတွင်းဦးစီးဌာနသို့ အချိန်မဆိုင်းဘဲ

ပြန်လည်အပ်နှံရမည်။ လိုက်နာရန်ပျက်ကွက်ပါက မြန်မာ့သတ္တုတွင်းဥပဒေ၊ အခန်း(၉) ပုဒ်မ(၂၈)ပါအရ အရေးယူဆောင်ရွက်ခြင်း ခံရမည် ဖြစ်သည်။

( ဌ) ကန်ထရိုက်တာသည် ဤသဘောတူစာချုပ်အရ ဆောင်ရွက်မည့်လုပ်ငန်းအတွက် အသုံးပြုမည့် စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်ယန္တရားများကို ပြည်ပမှတင်သွင်းရန်ရှိပါက ဝန်ကြီးဌာနသို့ တင်ပြပြီး သဘောတူခွင့်ပြုချက်ရရှိမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လျှောက်ထားတင်သွင်းနိုင်သည်။

( ဍ) အခန်း(၈) အပိုဒ်(၈.၁)(ဌ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တင်သွင်းလာသည့် စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်ယန္တရားများကို ဝန်ကြီးဌာနသို့တင်ပြပြီး သဘောတူ ခွင့်ပြုချက်မရှိဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ပြန်လည်ရောင်းချခွင့် မပြုပါ။

( ဎ) ကန်ထရိုက်တာသည် သတ်မှတ်ခွင့်ပြုထားသော (နောက်ဆက်တွဲ-က)ပါ သဘောတူလုပ်ကွက် ဧရိယာအတွင်း၌ ----- နှင့်ဆက်စပ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်းများဆောင်ရွက် နေစဉ်တွင် ----- နှင့်ဆက်စပ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို လုံးဝမပြု လုပ်ရပါ။ ဤသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်၌ အထက်အခန်း (၅)ပါ အတည်ပြုပြီးသော လုပ်ငန်းအစီအစဉ်များအတိုင်းသာ ----- စမ်းသပ်တိုင်းတာရေးလုပ်ငန်းကို ဆောင်ရွက်ရမည်။

(ဏ) ----- နှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို ကောင်းမွန်မှန်ကန်သော နည်းပညာ အတွေ့အကြုံ များကို အခြေခံ၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(တ) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားသော မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် ပြင်ဆင်ချက်များရှိပါက ယင်းပြင်ဆင်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ထ) လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်ဧရိယာ နယ်နိမိတ်အတွင်းရှိ သစ်ပင်များကိုသော်လည်းကောင်း၊ ပြင်ပရှိသစ်ပင်များကိုသော်လည်းကောင်း၊ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခုတ်လှဲခြင်း၊ သစ်ပင်ခုတ်ခြင်းမပြုလုပ်ရ။ သစ်ပင်များကို အသုံးပြုလိုပါက သစ်တောဦးစီးဌာနမှ သတ်မှတ် ထားသောဈေးနှုန်းဖြင့် ပေးချေဝယ်ယူရမည်။

( ဒ) လုပ်ငန်းဆောင်ရွက်သည့်မြေဧရိယာတွင် လိုအပ်ပါက သစ်ပင်စိုက်ပျိုးနိုင်သည်ထိ မြေပြန်လည် ဖို့ပေးရန်နှင့် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း သို့မဟုတ် သစ်ပင်ပြန်လည် စိုက်ပျိုးပေးမည့် ကုန်ကျစရိတ်ကို ကျခံပေးရမည်။

( ဓ) လုပ်ကိုင်ခွင့်ရှိသော ဧရိယာအတွင်း၌သော်လည်းကောင်း၊ အပြင်၌သော်လည်းကောင်း ခွင့်ပြုချက်မရှိဘဲနှင့် သစ်ပင်ခုတ်လျှင် ဥပဒေအရ အရေးယူခြင်းနှင့် ခွင့်ပြုမိန့်အား ဖျက်သိမ်း သည်ထိ ပြင်းထန်စွာအရေးယူခြင်းလက်ခံရမည်။

( န) ကန်ထရိုက်တာသည် **သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**က လက်ခံကျင့်သုံးသည့် စံချိန်စံညွှန်းနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ဆန်းစစ်ချက် (Environmental Impact Assessment)၊ လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဆန်းစစ်ချက်၊ (Social Impact Assessment)၊ ပတ်ဝန်းကျင်ပြည်သူလူထု၏ ကျန်းမာရေးထိခိုက်ယိုယွင်းမှု ဆန်းစစ်ချက် (Health Impact Assessment) စီမံချက်တို့ကိုပြုစု၍ သဘောတူစာချုပ် (မူကြမ်း) တင်ပြသည့်နှင့်တချိန်တည်း သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။

( ပ) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကြောင့် မြစ်ချောင်း၊ အင်းအိုင်များကိုသော်လည်းကောင်း၊ အများပြည်သူတို့နှင့်သက်ဆိုင်သော လမ်းများ၊ အဆောက်အဦများကိုသော်လည်းကောင်း၊ ညစ်ညမ်းမှု၊ ပိတ်ဆို့မှုနှင့် အခြားပတ်ဝန်းကျင်ညစ်ညမ်း ထိခိုက်မှုများ မရှိစေရန် စီမံဆောင်ရွက်ရမည်။

( ဖ) သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်ဧရိယာအတွင်း၌ အခိုင်အမာအဆောက်အဦများ တည်ဆောက်ခြင်း၊ သာသနာရေးဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် လူနေကျေးရွာ တည်ထောင်ခြင်း မပြုလုပ်ရပါ။

(ဗ) လက်မှတ်ရေးထိုးချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ်၌ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ချက်နှင့်အညီ တံဆိပ်ခေါင်းကပ်ရန် ကန်ထရိုက်တာမှ တာဝန်ယူရမည်။

(ဘ) ကန်ထရိုက်တာသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ ပေးဆောင်ရမည့် အခွန်အကောက်နှင့် ကျသင့်သည့် အခများပေးဆောင်ရမည်။

( မ) ကန်ထရိုက်တာသည် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များကို မြန်မာနိုင်ငံသို့ ခေါ်ယူ၍ တာဝန်ပေးအပ်သည့်အခါ အဆိုပါ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များသည် မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများကို လေးစားလိုက်နာရန်နှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန်တို့ကို ကန်ထရိုက်တာမှ တာဝန်ယူဆောင်ရွက်ရမည်။

၇.၂။ **သတ္တုတွင်းဦးစီးဌာန၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) ကန်ထရိုက်တာကလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သော စက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ရရှိရေး တင်ပြလာပါက သတ်မှတ်ခွင့်ပြုသော စည်းကမ်းဘောင်အတွင်းမှ ထောက်ခံတင်ပြပေးရမည်။

( ခ) အခန်း(၃)ပါ သဘောတူလုပ်ကွက်ဧရိယာသို့ ကန်ထရိုက်တာမှ ကုမ္ပဏီဝန်ထမ်းများနှင့် ကျွမ်းကျင်ပညာရှင်များ ဝင်ထွက်ခွင့်ရရှိရေး၊ ပြည်တွင်းခရီးသွားလာရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီပေးရမည်။

( ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**က ကန့်သတ်ထားသော အချက်အလက်များမှအပ သဘောတူလုပ်ကွက်ဧရိယာ

နှင့်စပ်လျဉ်းသည့် တိုင်းတာထားသည့် ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ မြေပုံများ၊ နမူနာများနှင့်သက်ဆိုင်သော အချက်အလက်များ ရရှိရေးအတွက်ကူညီပေးရမည်။

(ဃ) ကန်ထရိုက်တာမှ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ အသုံးပြုရန်လိုအပ်ပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ရရှိနိုင်ရေး မြန်မာနိုင်ငံတည်ဆဲဥပဒေ များအရ ကူညီပေးရမည်။

(င) ကန်ထရိုက်တာသို့ သဘောတူစာချုပ်အရ လိုအပ်သော ကိစ္စရပ်များအတွက် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီပေးရမည်။

အခန်း (၈)

## ဘဏ်နှင့်ငွေသားဆိုင်ရာအခွင့်အရေးများ

၈.၁။ ကန်ထရိုက်တာသည် ခွင့်ပြုလုပ်ကွက်အတွင်း စမ်းသပ်တိုင်းတာမှု လုပ်ငန်းများဆောင်ရွက်ရာတွင် သုံးစွဲရန် လိုအပ်သော အသုံးစရိတ်အားလုံးအတွက် တာဝန်ရှိစေရမည်။ အဆိုပါ အသုံးစရိတ်အတွက် မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ထားရှိပြီး သုံးစွဲရမည်။ နိုင်ငံခြားငွေသုံးစွဲရန် လိုအပ်ပါက မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် တွင် တရားဝင်လမ်းကြောင်းဖြင့်ရရှိသော နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်၍ သုံးစွဲရမည်။

၈.၂။ ကန်ထရိုက်တာသည် နိုင်ငံခြားငွေနှင့် ပြည်တွင်းသုံးငွေများ သုံးစွဲခွင့်၊ ထိန်းသိမ်းခွင့်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၉)

## အာမခံစပေါ်ငွေ

၉။ **စည်းကမ်းချက်များ**

(က) ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးလုပ်ငန်းအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အာမခံစပေါ်ငွေ တင်သွင်းရမည်။

(ခ) ကန်ထရိုက်တာသည် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အာမခံစပေါ်ငွေ **၁၀၀၀၀၀၀၀ိ/(ကျပ်သိန်းတစ်ရာတိတိ)**ကို မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ထားရှိရမည်။ အာမခံစပေါ်ငွေပုံစံသည် မြန်မာ့စီးပွားရေးဘဏ်မှ သတ်မှတ်သောပုံစံဖြစ်ရမည်။

(ဂ) ကန်ထရိုက်တာသည် စာချုပ်သက်တမ်း ကုန်ဆုံးသည်အထိ အာမခံစပေါ်ငွေထားရှိရမည်။

(ဃ) ကန်ထရိုက်တာသည် အခန်း (၆)၊ အပိုဒ် (၆.၂)နှင့် အခန်း(၇)၊ အပိုဒ်(၇.၃) အရနောက်ဆက်တွဲ(စ) တို့တွင် ဖော်ပြထားသော အနည်းဆုံးအသုံးစရိတ်ကို စမ်းသပ်တိုင်းတာရေးလုပ်ငန်းကာလ ကုန်ဆုံးသည်ထိ ပြည့်မီအောင် ဆောင်ရွက်မှုမရှိပါက ထိုသို့မပြည့်မီသည့် ငွေပမာဏကို အာမခံ စပေါ်ငွေမှပေးရန် သတ္တုတွင်းဦးစီးဌာနမှ အာမခံစပေါ်ငွေထားရှိသော မြန်မာ့စီးပွား ရေးဘဏ်သို့ တောင်းဆိုနိုင်သည်။

( င) ကန်ထရိုက်တာသည် စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက အာမခံစပေါ် ငွေကို သတ္တုတွင်းဦးစီးဌာနမှ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူနိုင်သည်။

အခန်း (၁၀)

**အဆိုပြုငွေ**

၁၀.၁။ ကန်ထရိုက်တာသည် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သတ္တုတွင်းဦးစီးဌာနသို့ လုပ်ငန်းအဆိုပြုငွေအဖြစ် **၅၀၀၀၀၀၀ိ/ -(ကျပ် သိန်းငါးဆယ်တိတိ)**ကို ပေးသွင်းရမည်။

၁၀.၂။ ကန်ထရိုက်သည် အဆိုပြုငွေကို သတ်မှတ်ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ပါက အဆိုပြုငွေ၏ ၁၀ %ကို ဒဏ်ကြေးငွေအဖြစ် ပေးသွင်းရမည်။

အခန်း (၁၁)

**အာမခံထားရှိခြင်း**

၁၁။ ကန်ထရိုက်တာသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာ့အာမခံဥပဒေတို့အရ အာမခံ ထားရှိရမည်။

အခန်း (၁၂)

**အခွန်အခများ**

၁၂။ **မြန်မာနိုင်ငံအတွင်း ကျသင့်သော အခွန်အခများ ပေးသွင်းခြင်း**

ကန်ထရိုက်တာသည် ဤအခန်း(၁၃)အရ မြန်မာနိုင်ငံအတွင်း ကျသင့်သော အခွန်အခများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ပေးဆောင်ရမည်။

## အခန်း (၁၃)
## ပုံသေမြေငှားရမ်းခ

**၁၃.၁။ မြေငှားရမ်းခ**

ကန်ထရိုက်တာသည် နောက်ဆက်တွဲ(စ)ပါ နှုန်းထားအတိုင်း ပုံသေမြေငှားရမ်းခများကို ပေးဆောင်ရမည်။

**၁၃.၂။ ပေးဆောင်ရမည့်နည်းလမ်း**

ကန်ထရိုက်တာသည် စာချုပ်သက်တမ်းအတွင်း ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ပုံသေမြေငှားရမ်းခကို သဘောတူစာချုပ် လက်မှတ်မရေးထိုးမီ ၁ (တစ်)နှစ်အတွက် ကြိုတင်၍ သတ္တုတွင်းဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၁၄)
## ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ

**၁၄.၁။ ဖွဲ့စည်းခြင်း**

သတ္တုတွင်းဦးစီးဌာနနှင့် ကန်ထရိုက်တာတို့သည် လုပ်ငန်းအစီအစဉ်၊ ငွေကြေး၊ အုပ်ချုပ်မှုဆိုင်ရာနှင့် စမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီရင်ခံစာများ အပါအဝင် ကိစ္စရပ်များကို ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ရန် ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီကို ဖွဲ့စည်းရမည်။

**၁၄.၂။ ဖွဲ့စည်းပါဝင်မှု**

(က) ကော်မတီတွင် အဖွဲ့ဝင် (၅) ဦး ပါဝင်၍ ဘဏ္ဍာရေးမှ (၃) ဦး၊ ကန်ထရိုက်တာမှ (၂) ဦး ပါဝင်ဖွဲ့စည်းပါမည်။

(ခ) ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီတွင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘောတူ စာချုပ် သက်တမ်းပြီးဆုံးသည်အထိ ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်။

**၁၄.၃။ လုပ်ထုံးလုပ်နည်းများ**

ပူးတွဲလုပ်ငန်းညှိနှိုင်း ဆောင်ရွက်မှုကော်မတီ၏ လုပ်ထုံးလုပ်နည်းများမှာ နောက်ဆက်တွဲ(ဃ)ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၄.၄။ **နိုင်ငံခြားသားပညာရှင်**

(က) ကန်ထရိုက်တာသည် လုပ်ငန်းရပ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသား မဟုတ်သည့် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များကို မြန်မာနိုင်ငံသို့ ခေါ်ယူ၍ တာဝန် ပေးလိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။

(ခ) နိုင်ငံခြားသားဝန်ထမ်းများ၏လစာကို အမေရိကန်ဒေါ်လာဖြင့်ပေးရန် ကန်ထရိုက်တာမှ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

၁၄.၅။ သတ္တုတွင်းဦးစီးဌာနမှ **ကွင်းဆင်းကိုယ်စားလှယ်ခန့်ထားခြင်း**

(က) ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးလုပ်ငန်းကာလအတွင်း သဘောတူလုပ်ကွက် ဧရိယာတွင် သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး ထားရှိရမည်။

(ခ) ကန်ထရိုက်တာသည် ၎င်းကိုယ်စားလှယ်၏ တာဝန်ဝတ္တရား ဆောင်ရွက်နိုင်ရန်အတွက် နေထိုင်ရေး၊ သွားလာရေး၊ သင့်လျော်သောဆက်သွယ်မှုစနစ်များ ပံ့ပိုးပေးရမည်။ ကိုယ်စားလှယ်များ၏ လစာငွေကို သတ်မှတ်နှုန်းထားအတိုင်း ပေးချေရမည်။

(ဂ) သတ္တုတွင်းဦးစီးဌာန၏ ကိုယ်စားလှယ်သည် သဘောတူလုပ်ကွက်အတွင်း လုပ်ငန်းများကို စောင့်ကြည့် လေ့လာနိုင်သော်လည်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မည် မဟုတ်ပါ။ ကန်ထရိုက်တာနှင့် သတ္တုတွင်းဦးစီးဌာနတို့အကြား ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက် ပါမည်။ ကန်ထရိုက်တာမှ သီးခြားမေတ္တာရပ်ခံလာပါက အခြားသောအစိုးရအဖွဲ့အစည်းများ နှင့် ကန်ထရိုက်တာတို့အကြား ဆောင်ရွက်ပေးမည်။

## အခန်း (၁၅)
## မှတ်တမ်းများ၊ ငွေစာရင်းများနှင့် စာရင်းစစ်ခြင်း

၁၅.၁။ ကန်ထရိုက်တာသည် သဘောတူစာချုပ်ပါ လုပ်ငန်းနှင့်ပတ်သက်သည့် မှတ်တမ်းများ၊ ငွေစာရင်းဆိုင်ရာ အချက်အလက်များ၊ စာရင်းများ စသည်တို့ကို မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ စာရင်းကိုင်စံများအတိုင်း စာရင်းဇယား ထားသိုနည်းစနစ်များနှင့်အညီ စာရင်းထိန်းသိမ်းပြုစုထားရမည်။ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများအားလုံး မြန်မာဘာသာဖြင့် ထိန်းသိမ်းထားရမည်။

၁၅.၂။ ကန်ထရိုက်တာသည် စာချုပ်ကာလအတွက် အသုံးစရိတ်ခန့်မှန်းခြေငွေစာရင်းကို သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး (၁)လအတွင်း သတ္တုတွင်းဦးစီးဌာနသို့တင်ပြရမည်။ ၎င်းအပြင်လုပ်ငန်းပြီးဆုံးပါက စာရင်း စစ်ပြီး ငွေစာရင်း အစီရင်ခံစာကို လုပ်ငန်းပြီး (၁) လ အတွင်း သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။

၁၅.၃။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ(၁၁)၊ ပုဒ်မခွဲ(င)အရ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**က ပြည်ထောင်စု စာရင်းစစ်ချုပ်ထံ ကန်ထရိုက်တာ လုပ်ငန်းများ၏ ငွေစာရင်းများကို စစ်ဆေးပေးရန်အကြောင်းကြားလာပါက ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်၍ လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**သို့ပေးပို့နိုင်သည်။

၁၅.၄။ ကန်ထရိုက်တာသည် လုပ်ငန်းများ၏ ငွေစာရင်းစစ်ဆေးမှုကို မြန်မာနိုင်ငံ စာရင်းကောင်စီ၌ မှတ်ပုံတင်ထားသော ပြင်ပစာရင်းစစ်အဖွဲ့များကိုလည်း တာဝန်ပေးဆောင်ရွက်နိုင်ပါသည်။

၁၅.၅။ ကန်ထရိုက်တာသည် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို (၃) လတစ်ကြိမ် နှင့် ငွေစာရင်းများအားလုံး၏ နှစ်စဉ်ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စာရင်းစစ်ရမည်ဖြစ်ပြီး လုပ်ငန်းများအတွက် စာရင်းစစ်ပြီး နှစ်ချုပ်စာရင်းနှင့် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၁) လအတွင်း ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ဘဧရသို့ တင်ပြရမည်။

## အခန်း (၁၆)
## လျှို့ဝှက်ထိန်းသိမ်းခြင်း

၁၆။ ဤသဘောတူစာချုပ်ပါ အကြောင်းအရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရမည်ဖြစ်ပြီး ဥပဒေကြောင်းအရ ငွေကြေးထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အခြားကြီးကြပ်စစ်ဆေးနိုင်ခွင့်ရှိသည့် အာဏာပိုင်က လိုအပ်လာသည့်အခါတွင်ဖြစ်စေ ထုတ်ဖော်ပြသရန်မှတပါး ဤစာချုပ်ပါ အချက်အလက်များကို မည်သည့်တတိယအဖွဲ့အစည်းကိုမျှ သိရှိပြသခွင့် မရှိစေရ။

## အခန်း (၁၇)
## စာချုပ်သက်တမ်းကာလ၊ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့် ရပ်စဲခြင်း

၁၇.၁။ **စာချုပ်သက်တမ်းကာလ**

ဤစာချုပ်၏ အခန်း (၁၈)၊ အပိုဒ်(၁၈.၃) (ခ) နှင့် (ဂ) တို့တွင် သတ်မှတ်ချက်များအရ စောစွာ ရပ်ဆိုင်းခြင်းမှတပါး ဤသဘောတူစာချုပ်သက်တမ်းမှာ လုပ်ငန်းသဘောတူစာချုပ် အခန်း(၄)ပါ ------ နှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်ပါ စတင်လုပ်ကိုင် ခွင့်ပြုသည့်နေ့ ဖြစ်သည့် ----- ခုနှစ်၊ ------ လ၊ ---- ရက်နေ့မှစ၍ ၄ (လေး) နှစ်ဖြစ်သည်။

**စာချုပ်သက်တမ်းတိုးမြှင့်ခြင်း**

၁၇.၂။ ကန်ထရိုက်တာသည် စမ်းသပ်တိုင်းတာရေးလုပ်ငန်း ကာလ ၁(တစ်) နှစ်ဆောင်ရွက်ခွင့် တင်ပြထား၍ သက်တမ်းတိုးမြှင့်ရန် မလိုပါ။

၁၇.၃။ **ရပ်စဲခြင်း**

(က) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန**၏ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသောနေ့ရက်တွင် သဘောတူစာချုပ် သက်တမ်းသည်လည်း ကုန်ဆုံးပြီဟု မှတ်ယူရမည်။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၏ ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီးနောက် ဤစာချုပ်သည် မည်သည့်အခြေအနေတွင်မှ တရားဝင်မှုမရှိပါ။

( ခ) အောက်ပါအချက်များဖြစ်ပေါ်လာလျှင် စာချုပ်ဝင်တစ်ဖက်ဖက်မှ စာဖြင့်အကြောင်းကြား၍ သဘောတူ စာချုပ်ကို ရပ်စဲနိုင်သည် -

(၁) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါသတ်မှတ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်သည့်အခါ ထိုသို့ချိုးဖောက်ခြင်းကို ပြုပြင်ရန် တစ်ဖက်စာချုပ်ဝင်မှ အသေးစိတ်ဖော်ပြအကြောင်းကြားချက်အား ပေးပို့ပြီးနောက် ရက်ပေါင်း(၉၀) ပြည့်သည့်တိုင်အောင် ပြန်လည်ပြုပြင်မှုမရှိခဲ့လျှင်၊

(၂) ကန်ထရိုက်တာ၏ လုပ်ငန်းရပ်များသည် အခန်း (၅)၊ အပိုဒ်(၅.၃)တွင် ဖော်ပြထားသည့်အတိုင်း စံချိန်မီခြင်းမရှိ၍ ဘဲရေမှ ကျေနပ်မှု မရှိလျှင်။

(၃) မလွန်ဆန်နိုင်သောဖြစ်ရပ်သည် ၆ လထက်ကျော်လွန်၍ ဖြစ်ပွားနေခြင်း၊

(၄) သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ၃ လအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်မှုမရှိခြင်း၊

( ဂ) ကန်ထရိုက်တာ၏ စမ်းသပ်တိုင်းတာရေးကာလ ကုန်ဆုံးပြီးနောက် ----- သတ္တုသိုက်သည် စီးပွားဖြစ် ဆောင်ရွက်နိုင်သည့်အဆင့်ထိမရှိပါက ကန်ထရိုက်တာမှ သတ္တုတွင်းဦးစီးဌာနသို့ တင်ပြ၍ သဘောတူစာချုပ်အား ရပ်စဲနိုင်သည်။

(ဃ) ကန်ထရိုက်တာသည် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များအား မလိုက်နာခဲ့လျှင် သဘောတူစာချုပ်ကို ရပ်စဲနိုင်သည်။

( င) ကန်ထရိုက်တာသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောတို့နှင့် သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာခဲ့လျှင် သဘောတူစာချုပ်အား ရပ်စဲနိုင်သည်။

(စ) အကယ်၍ ကန်ထရိုက်တာသည် ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီမှ အတည်ပြုထားသော လုပ်ငန်းအစီအစဉ်အတိုင်း ဆောင်ရွက်မှု မရှိခဲ့လျှင် သဘောတူစာချုပ်အား ရပ်စဲနိုင်သည်။

(ဆ) သဘောတူစာချုပ်တွင် မည်သို့ပင်ပါဝင်စေကာမူ နှစ်ဘက်သဘောတူညီချက်ဖြင့် ဤသဘောတူညီချက်ကို ရပ်စဲနိုင်သည်။

(ဇ) ထိုသို့ရပ်စဲသည့်အခါတွင် ရပ်စဲသည့်နေ့မတိုင်မီကရှိခဲ့သော တာဝန်နှင့် ပေးဆပ်ရန်များမှ တစ်ပါး နှစ်ဖက်စာချုပ်ဝင်များတွင် နောက်ထပ်တာဝန်နှင့် ပေးဆပ်ရန်များမှ ကင်းလွတ်စေရမည်။

(ဈ) ကန်ထရိုက်တာမှ လုပ်ငန်းအဆိုပြုငွေကို သတ်မှတ်ထားသော ရက်ပေါင်း(၃၀)အတွင်း ပေးသွင်းရန် ပျက်ကွက်ပါက သတ္တုတွင်းဦးစီးဌာနမှ စာဖြင့် (၃)ကြိမ်တိုင်အောင် အကြောင်းကြားမည်ဖြစ်ပြီး ဆက်လက်ပျက်ကွက်ပါက သဘောတူစာချုပ်ရပ်စဲမည်ဖြစ်သည်။

၁၇.၄။ **ရပ်ဆိုင်းခြင်းအတွက် လိုက်နာရမည့်အချက်များ**

အခန်း (၁၈)၊ အပိုဒ်(၁၈.၃)အရ သဘောတူညီချက်ရပ်ဆိုင်းပါလျှင်-

(က) သတ္တုတွင်းဦးစီးဌာနမှ အခြားနည်းဖြင့် ကန့်သတ်ထားချက်မရှိပါက ကန်ထရိုက်တာမှ မြန်မာနိုင်ငံတွင်းသို့ တင်သွင်းလာသော ၎င်းတို့ပိုင်ပစ္စည်းများ၊ စက်ယန္တရားများအား **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူခွင့်ပြုချက်ဖြင့် လွှဲပြောင်းရောင်းချနိုင်သည်။

(ခ) ကန်ထရိုက်တာသည် ယာယီအဆောက်အဦများ၊ စခန်းအားလုံး (သို့မဟုတ်) တည်ဆောက်ထားသော စက်ကိရိယာများအားလုံး ဖယ်ရှားရမည်။ သတ္တုတွင်းဦးစီးဌာနမှ လက်ခံနိုင်သည့် အဆင့်အထိ ဆောင်ရွက်ရမည်။

## အခန်း (၁၈)

## အထွေထွေ

၁၈.၁။ **နောက်ဆက်တွဲများ**

ဤစာချုပ်တွင် နောက်ဆက်တွဲ (က)မှ (ဆ)အထိ နောက်ဆက်တွဲ(၇)ခု ပါဝင်သည်။ နောက်ဆက်တွဲများသည် ဤစာချုပ်၏ အစိတ်အပိုင်းများဖြစ်သည်။

၁၈.၂။ **အကြောင်းကြားခြင်းနှင့် ဆက်သွယ်ခြင်းများ**

ဤသဘောတူစာချုပ်ပါ အချက်များအရ အကြောင်းကြားခြင်းနှင့် ဆက်သွယ်ခြင်းအားလုံးကို မြန်မာဘာသာစကားဖြင့် စာဖြင့်ရေးသား ဆက်သွယ်ရမည်ဖြစ်ပြီး အီးမေးလ်နှင့် ဖက်စ်တို့ဖြင့်ကြိုတင်ပေးပို့၍ မှတ်ပုံတင်စာဖြင့် အောက်ပါလိပ်စာများသို့ ဆက်လက်ပေးပို့ရမည်-

(က) သတ္တုတွင်းဦးစီးဌာနဆိုပါက-

ညွှန်ကြားရေးမှူးချုပ်

သတ္တုတွင်းဦးစီးဌာန

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန**

နေပြည်တော်၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဖုန်း-၉၅-၀၆၇-၄၀၉၀၀၉

ဖက်စ်- ၉၅-၀၆၇-၄၀၉၃၇၈

( ခ) ကန်ထရိုက်တာဆိုပါက -

ဦး/ဒေါ် -------

မန်နေးဂျင်း --------

**-------** ကုမ္ပဏီလီမိတက်

အမှတ်(---)၊ ----- လမ်း၊ ------ ရပ်ကွက်၊ ------- မြို့နယ်၊ --------- ပြည်နယ်/တိုင်းဒေသကြီး။

ဖုန်း- -------

( ဂ) အကြောင်းကြားချက်များရရှိခြင်း ရှိ/မရှိကို ကြေးနန်းမိတ္တူပို့၍ အတည်ပြုချက် ရယူရမည်။ နှစ်ဦးနှစ်ဖက်၏ လိပ်စာပြောင်းလဲပါက အီးမေးလ်၊ ဖက်စ်နှင့် ကြေးနန်းစက်ဖြင့် အကြောင်းကြား အသိပေးရမည်။

၁၈.၃။ **တစ်ဆင့်လွှဲအပ်ခြင်း**

စာချုပ်သက်တမ်းကာလအတွင်းတွင် စာချုပ်ပါအခွင့်အရေးများကို မည်သည့်စာချုပ်ဝင်ကမျှ တစ်ဆင့်လွှဲအပ်ခွင့် မရှိ စေရ။

## အခန်း(၁၉)

## **စာချုပ်ပြန်လည်ညှိနှိုင်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း**

၁၉။ စာချုပ်သက်တမ်းကာလအတွင်းတွင် စာချုပ်ဝင်နှစ်ဖက်တို့မှ စာဖြင့်သဘောတူညီမှုမပါဘဲ ဤစာချုပ်နှင့် စာချုပ်ပါ အချက်အလက်၊ အကြောင်းအရာများကို မည်သည့်စာချုပ်ဝင်ကမျှ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝ မပြုလုပ်ရ။

အခန်း(၂၀)

## သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးစီမံချက်

၂၀.၁။ ကန်ထရိုက်တာသည် စီမံကိန်းဧရိယာအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက်တာဝန်ရှိသည်။ ကန်ထရိုက်တာသည် ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်သည့်အခါ မြေယာအသုံးချခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရှောင်လွှဲ၍ မရနိုင်သော သဘာပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်သည့် လူမှုစီးပွားရေးထိခိုက်မှု၊ သစ်ပင်ဝန်းကျင်၊ လေထုညစ်ညမ်းမှု၊ ရေထုနှင့်အသံဆူညံမှု၊ ပတ်ဝန်းကျင်တုန်ခါမှု၊ သဘာဝအလှတရား စိမ်းလန်းစိုပြည် သာယာမှုပျက်စီးခြင်းစသည်တို့ကို မဖြစ်စေရန်ထိန်းချုပ်ဆောင်ရွက်ရမည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုစီမံချက် (Environment Management Plan - EMP) အစီရင်ခံစာကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ထရိုက်တာမှ ဤသဘောတူစာချုပ်(မူကြမ်း)အား တင်ပြသည်နှင့် တစ်ချိန်တည်း တင်ပြရမည်ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုစီမံချက် (EMP) အစီရင်ခံစာသည် မလိုလားအပ်သော စွန့်စားမှုများ ကင်းစင်သည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရမည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုအတွက် ခေတ်မီထိရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲမှုများကို စီမံဆောင်ရွက်ထားရမည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံခန့်ခွဲမှုအတွက် (EMP) အစီရင်ခံစာပါအတိုင်း ဆောင်ရွက်မှု ရှိ/မရှိကို စောင့်ကြည့်ကြပ်မတ်ပြီး လုပ်ငန်းပြီးသည့်အခါ သုံးသပ်သွားမည်။

၂၀.၂။ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးစီမံချက်တွင် စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ကာကွယ်ထားရှိမည့်အစီအစမံများ၊ လုပ်ဆောင်သွားမည့်အစီအစမံများ၊ အကောင်အထည်ဖော်မှုများကို ထည့်သွင်းဖော်ပြရမည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး စီမံခန့်ခွဲမှု စီမံချက်တွင် အောက်ပါအစီအစမံများ ထည့်သွင်းဖော်ပြရမည်-

(က) ဖုံမှုန့်၊ မြေကြီးမှုန့်များစီမံခန့်ခွဲမှု

( ခ) အသံဆူညံမှုအား စီမံခန့်ခွဲမှု

( ဂ) ရေနှင့်ရေဆိုးများ စီမံခန့်ခွဲမှု

(ဃ) တိုက်စားမှုနှင့်အနည်ကျနွန်းများအားထိန်းချုပ်မှု

( င) စွန့်ပစ်မြေစာကျောက်များအားစီမံခန့်ခွဲမှု

( စ) သစ်ပင်၊ ပန်းပင်၊ တိရိစ္ဆာန်များ ထိခိုက်မှုအားစီမံခန့်ခွဲမှု

(ဆ) ဘေးအန္တရာယ်ကျရောက်စေနိုင်သောပစ္စည်းများအားစီမံခန့်ခွဲမှု

( ဇ) စွန့်ပစ်ပစ္စည်းများ၊ မြေစာများအားစီမံခန့်ခွဲမှု

အခန်း (၂၁)

## လိုက်နာရမည့်ဥပဒေ

၂၁.၁။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အဓိပ္ပါယ်ဖွင့်ဆိုဆောင်ရွက်ရမည်။

၂၁.၂။ နှစ်ဖက်စာချုပ်ဝင်များသည် ဤစာချုပ်အရ လုပ်ငန်းဆောင်ရွက်ရန် တာဝန်ရှိမှုအားလုံးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၂၁.၃။ စာချုပ်ဝင်များအနေဖြင့် အနုညာတခုံရုံးတွင် ဖြေရှင်းရေးကိစ္စအပါအဝင် ဤစာချုပ်တွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းသတ်မှတ်ချက်ကမျှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်ပိုင်သီးခြား လွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့်ရှိသော အခွင့်အရေးကို တားဆီးကန့်သတ်ခွင့် မရှိစေရ။

၂၁.၄။ နှစ်ဖက်စာချုပ်ဝင်များသည် သက်ဆိုင်ရာ အစိုးရရုံး၊ ဌာနများမှ အချိန်ခါအားလျော်စွာ ထုတ်ပြန်သော လမ်းညွှန်ချက်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း (၂၂)

## မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၂၂.၁။ မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ သဘာဝအန္တရာယ်ဒုက္ခများ၊ ဆန္ဒပြခြင်း၊ ပိတ်ဆို့ခြင်း၊ အလုပ်သမားလူထုများ မငြိမ်သက်မှုဖြစ်ခြင်း၊ ရန်သူများ အနှောင့်အယှက်ကြောင့် စစ်ဖြစ်ခြင်း၊ ပိတ်ဆို့ခြင်း၊ သူပုန်ထခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ကပ်ရောဂါကျရောက်ခြင်း၊ မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေကြီးခြင်း၊ ပေါက်ကွဲခြင်းနှင့် စာချုပ်ဝင်တစ်ဖက်ဖက်အနေဖြင့် ထိန်းသိမ်းနိုင်ခြင်းမရှိသည့် အခြားသော အဖြစ်အပျက်များကို ဆိုလိုပါသည်။

၂၂.၂။ ဤသဘောတူညီချက်အရ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဖြစ်ပေါ်လာပါက စာချုပ်ဝင်တစ်ဖက်ဖက်အနေဖြင့် စာချုပ်ပါအတိုင်း လိုက်နာခြင်းမှ ယာယီအားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါတွင် ထိုသို့ဖြစ်ပေါ်နေသည့်အခြေအနေအား တစ်ဖက်စာချုပ်ဝင်သို့ (၁၄) ရက်အတွင်း မလွန်ဆန်နိုင်သောဖြစ်ရပ်၏ သဘာဝနှင့် တကွခန့်မှန်းခြေ ကြာမြင့်မည့်အချိန်၊ ထိုသို့ဖြစ်ပွားမှုကြောင့် လုပ်ငန်းထိခိုက်မည့်အခြေအနေတို့ကို ကြိုတင်အသိပေးရမည်။ ထိုအခါတွင် အဆိုပါမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ထိခိုက်ခြင်းခံရသောစာချုပ်ဝင်သည် ကျန်စာချုပ်ဝင်၏ သဘောတူညီချက်ဖြင့် ထိုသို့မဆောင်ရွက်နိုင်သည့်ကာလအတွက် လုပ်ငန်းအား ဆိုင်းငံ့

ထားခွင့်ရှိသည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်အား တွေ့ကြုံရသည့်စာချုပ်ဝင်သည် အဆိုပါဖြစ်ရပ်အား အကောင်းဆုံး ကျော်လွှားနိုင်ရန် တတ်နိုင်သလောက် အမြန်ဆုံးကြိုးစားရမည်။

၂၂.၃။ အခန်း(၂၂) အပိုဒ် (၂၂.၂) ပါအတိုင်း မလွန်ဆန်နိုင်သောဖြစ်ရပ် ပေါ်ပေါက်မှုကို တစ်ဖက်စာချုပ်ဝင်မှ အသိပေးပြီး နှစ်ဦးနှစ်ဖက် အတည်ပြုလက်ခံထားသော ဖြစ်ရပ်မှပေါ်ပေါက်လာသည့် ကြန့်ကြာမှု၊ ဆုံးရှုံးမှုများ အတွက် မည်သည့်ဘက်တွင်မှ တာဝန်မရှိစေရ။

## အခန်း (၂၃)
## အငြင်းပွားမှုဖြေရှင်းခြင်း

၂၃။ ဤလုပ်ငန်းသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက နှစ်ဦး နှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော် ဖြစ်စေရမည်။

## အခန်း (၂၄)
## လွှဲပြောင်း၍မရနိုင်သောအခွင့်အရေး

၂၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လွှဲပြောင်း၍မရနိုင်သော နိုင်ငံတော်၏ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်သယံဇာတများကို တစ်ဦးတည်းပိုင်ဆိုင်ခွင့်နှင့် မူလဘူတ အခွင့်အရေး ကျင့်သုံး ခြင်းကို စာချုပ်ဝင်များ၏ အနုညာတဖြေရှင်းရန်တင်ပြသည့် သဘောတူညီချက် အပါအဝင် ဤစာချုပ်ပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်းမပြုနိုင်။

## အခန်း (၂၅)
## ကြိုတင်ပြဋ္ဌာန်းမှုအခြေအနေ

၂၅။ အောက်ဖော်ပြပါ သတ်မှတ်ထားသည့်အချက်များ ပြည့်စုံမည့်နေ့ရက်တွင် နှစ်ဖက်စာချုပ်ဝင်များသည် ဤသဘောတူညီချက်ပါ လိုက်နာရမည့်အချက်များဖြင့် စည်းနှောင်ခြင်း ခံစေရမည် -

(က) အစိုးရအာဏာပိုင်အဖွဲ့အစည်းများမှ ဤသဘောတူညီချက်အား အတည်ပြုခြင်း။

( ခ) ဝန်ကြီးဌာနမှ --- နှင့်ဆက်စပ်သတ္တုများစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်း။

အခန်း (၂၆)

**ရင်းနှီးမြှုပ်နှံမှုပမာဏ**

၂၆။ ကန်ထရိုက်တာသည် သဘောတူစာချုပ်ပါ လုပ်ငန်းအစီအစဥ်များအတွက် ရင်းနှီးမြှုပ်နှံငွေအဖြစ် နောက်ဆက်တွဲ(စ)တွင် ဖော်ပြချက်ပါ အသုံးစရိတ်ထက်မနည်း ရင်းနှီးမြှုပ်နှံရမည်။ ရင်းနှီးမြှုပ်နှံငွေတစ်ရပ်လုံး ကို ကန်ထရိုက်တာမှ ကျခံရမည်။

အခန်း (၂၇)

**အစစ်အမှန်ဖြစ်ခြင်း**

၂၇။ ဤသဘောတူညီချက်ကို မြန်မာဘာသာဖြင့် မူရင်းနှစ်စုံပြုလုပ်၍ ညီတူညီမျှအစစ်အမှန်ဖြစ်သည်ဟု မှတ်ယူရမည်။ တစ်ဖက်လျှင် တစ်စောင်စီ ထိန်းသိမ်းထားရမည်။

ဤသဘောတူညီချက်များအား ရှေ့တွင်ဦးစွာ ဖော်ပြခဲ့သည့်နေ့ရက်တွင် နှစ်ဖက်စာချုပ်ဝင်များက ဖော်ပြခဲ့ပြီးသော စာချုပ်ဝင်အချက်များနှင့်အညီ ဆောင်ရွက်ရန် သဘောတူကြပါသည်။

| | |
|---|---|
| သတ္တုတွင်းဦးစီးဌာန | -----------ကုမ္ပဏီလီမိတက် |
| (ကိုယ်စား) | (ကိုယ်စား) |
| လက်မှတ်-------------------------------------- | လက်မှတ်------------------------------ |
| အမည်------------------------------------------ | အမည်---------------------------------- |
| ရာထူး------------------------------------------ | ရာထူး----------------------------------- |
| ဌာန-------------------------------------------- | ဌာန-------------------------------------- |

**အသိသက်သေများ**

| | |
|---|---|
| လက်မှတ်-------------------------------------- | လက်မှတ်------------------------------------- |
| အမည်------------------------------------------ | အမည်----------------------------------------- |
| ရာထူး------------------------------------------ | ရာထူး------------------------------------------ |
| ဌာန-------------------------------------------- | ဌာန-------------------------------------------- |

## နောက်ဆက်တွဲ (က)

## သဘောတူလုပ်ကွက်ဧရိယာ၏ တည်နေရာပြမြေပုံ

## နောက်ဆက်တွဲ (ခ)

## သဘောတူလုပ်ကွက်ဧရိယာ အကျယ်အဝန်းနှင့်ပုံသဏ္ဍာန်ပြမြေပုံ

# နောက်ဆက်တွဲ (ဂ)

## သဘောတူလုပ်ကွက်ဧရိယာ၏ မြေစာရင်းပုံစံ၊ သစ်တောစာချုပ်

**နောက်ဆက်တွဲ (ဃ)**

## ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီလုပ်ထုံးလုပ်နည်း

ဘဝရေနှင့် ကန်ထရိုက်တာတို့၏ ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။ နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု အကျိုးရှိစေရန် ဘဝရေနှင့် ကန်ထရိုက်တာတို့သည် ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ ဖွဲ့စည်းရာတွင် ဘဝရေမှအဖွဲ့ဝင် ၃ ဦး၊ ကန်ထရိုက်တာမှ အဖွဲ့ဝင် ၂ ဦးပါဝင်၍ ဘဝရေ ညွှန်ကြားရေးမှူးချုပ် မှ ကော်မတီဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်၍ ကော်မတီ၏အတွင်းရေးမှူးကို ကော်မတီမှ ရွေးချယ်ခန့်ထားပါမည်။

၂။ နှစ်ဖက်စာချုပ်ဝင်တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက် (၃၀) အတွင်း ဘဝရေ နှင့် ကန်ထရိုက်တာတို့မှ ကိုယ်စားလှယ်များဖြင့် ခန့်ထားရပါမည်။ သက်ဆိုင်သည့် ကိုယ်စားလှယ်၏ အမည်စာရင်းကို ခန့်ထားခြင်း၊ ပြောင်းလဲခြင်းများ အကြိမ်ကြိမ်ပြုလုပ်နိုင်ပါသည်။

၃။ ဆုံးဖြတ်ချက်များအားလုံးချမှတ်ရာတွင် အဖွဲ့ဝင်များမှ အစည်းအဝေးတွင် မဲပေးဆုံးဖြတ်ခြင်း ပြုလုပ်ရပါမည်။ ကန်ထရိုက်တာမှ အဖွဲ့ဝင်တစ်ဦးနှင့် ဘဝရေမှ အဖွဲ့ဝင်တစ်ဦးတို့ ပါဝင်ခြင်းမရှိပါက ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းမရှိသည်ကို နားလည်ရပါမည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အစည်းအဝေးမှတ်တမ်းများပြုစု၍ ဘဝရေနှင့် ကန်ထရိုက်တာ အဖွဲ့ဝင်တို့မှ လက်မှတ်ရေးထိုးထားရမည်။

၄။ ကော်မတီသည် သဘောတူထားသည့်အတိုင်း နေပြည်တော်တွင် (၃) လတစ်ကြိမ် အစည်းအဝေး ပြုလုပ်ရမည်။ အစည်းအဝေးပြုလုပ်မည်ကို (၁၅) ရက် ကြိုတင်အသိပေးရမည်။ အစည်းအဝေးအစီအစဉ်၊ နေ့ရက်နှင့် အချိန်နာရီတို့ကိုဖော်ပြ၍ အသိပေးရမည်။ ဥက္ကဋ္ဌသည် လိုအပ်ပါက အစည်းအဝေးပြုလုပ်ရန် ခေါ်ဆိုခွင့်ရှိသည်။

၅။ ကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သဘောတူညီချက်အရ လုပ်ငန်းဆောင်ရွက်ချက်များ၊ အကြံဉာဏ်များ၊ သတင်းအချက်အလက်များဖလှယ်ခြင်းဖြင့် အကျိုးသက်ရောက်မှုပေးခြင်း။

(ခ) ကန်ထရိုက်တာဘက်မှ အဆိုပြုထားသည့် လုပ်ငန်းစီမံချက်ကို ဆွေးနွေးခြင်း၊ ဘဝရေမှ အဆိုပြုချက်များ သုံးသပ်ဆုံးဖြတ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းတို့ကို သုံးသပ်ခြင်း။

(ဂ) မြန်မာနိုင်ငံသားများအား သင်တန်းပေးခြင်း၊ ခန့်အပ်ခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာများကို ညှိနှိုင်းခြင်း။

**နောက်ဆက်တွဲ (င)**

**ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးကာလအတွင်း ကန်ထရိုက်တာမှ အသုံးပြုမည့် စက်ကိရိယာနှင့် စက်အရန်ပစ္စည်းများ**

(၁) နေရာမရွေးသွားနိုင်သည့် ယာဉ်များ။

(၂) ကွင်းသုံးပစ္စည်းများတွင် ပါဝင်သည့် တိုင်းတာရေးစက်ပစ္စည်းများ၊ ဘူမိဗေဒသုံး သံလိုက်အိမ်မြှောင်များ၊ ဘူမိဗေဒသုံးတူများနှင့် မှန်ဘီလူးများ၊ ဘူမိရူပဗေဒစက်ကိရိယာများ။

(၃) စခန်းချပစ္စည်းများ၊ ရုံးသုံးပစ္စည်းများ၊ ကွန်ပျူတာများ၊ ပုံဆွဲပစ္စည်းများ၊ ဘူမိဗေဒဆိုင်ရာ ပုံထုတ်စက်များ။

(၄) အောက်ဖော်ပြပါ စက်ကိရိယာများနှင့် လုပ်ငန်းများကို ကန်ထရိုက်တာများမှတစ်ဆင့်ရယူ အသုံးပြုခြင်း-

(က) မြေပြင်သုံးမြေတိုင်းပစ္စည်းများနှင့် ဂရင်းပစ္စည်းများကိုအသုံးပြု၍ တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ခြင်း။

( ခ) လွန်တူးစက်များနှင့် လွန်တူးလုပ်ငန်းများဆောင်ရွက်ခြင်း။

မှတ်ချက်။ စက်ကိရိယာများနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ဖော်ပြရမည်။

နောက်ဆက်တွဲ (စ)

## မြေငှားရမ်းခနှင့် အနည်းဆုံးအသုံးစရိတ်

| ကာလ | နှစ် | မြေငှားရမ်းခ<br>၁ စတုရန်းကီလိုမီတာလျှင်<br>မြန်မာကျပ်ငွေနှုန်းထား | အနည်းဆုံးအသုံးစရိတ်<br>၁ စတုရန်းကီလိုမီတာလျှင်<br>မြန်မာကျပ်ငွေနှုန်းထား |
|---|---|---|---|
| ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေး | ၁ | ကျပ်နှစ်သိန်း<br>(၂၀၀၀၀၀/-) | ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်း<br>(၁၂၅၀၀၀၀၀/-) |
| ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေး<br>(တိုးမြှင့်ကာလ) | ၂ | ကျပ်လေးသိန်း<br>(၄၀၀၀၀၀/-) | ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်း<br>(၁၂၅၀၀၀၀၀/-) |
| ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေး<br>(တိုးမြှင့်ကာလ) | ၃ | ကျပ်ရှစ်သိန်း<br>(၈၀၀၀၀၀/-) | ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်း<br>(၁၂၅၀၀၀၀၀/-) |
| ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး<br>လုပ်ငန်း | ၁ | ကျပ်တစ်ဆယ့်ခြောက်သိန်း<br>(၁၆၀၀၀၀၀/-) | ကျပ်သိန်းနှစ်ရာ<br>(၂၀၀၀၀၀၀၀/-) |

နောက်ဆက်တွဲ (ဆ)

## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၏ သတ္တုသိုက်စံနှုန်းသတ်မှတ်ချက်

သတ္တုသိုက် သေချာမှုအဆင့်(သ-၂)ကို စမ်းသပ်တိုင်းတာရေးလုပ်ငန်း ပြီးပြည့်စုံခြင်းနှင့် သတ္တုသိုက် ပမာဏခန့်မှန်းတွက်ချက်မှု တိကျသေချာခြင်းများအပေါ်မူတည်၍ ခွဲခြားသတ်မှတ်သည့် စံနှုန်းများမှာအောက်ပါ အတိုင်း ဖြစ်ပါသည်-

**သေချာမှု (သ-၂) အဆင့်သတ္တုသိုက်**

(၁) စမ်းသပ်တိုင်းတာရေးနည်းစဉ်မျိုးစုံဖြင့် သတ္တုသိုက်အရွယ်အစား၊ ပုံသဏ္ဌာန်အား ခန့်မှန်းတွက်ချက်ဖော်ပြခြင်း၊

(၂) သတ္တုသိုက် အလျား၊ အထု၊ အနံတို့အား ခြုံငုံကိုယ်စားပြုနိုင်သည့် စီးပွားဖြစ် သတ္တုပါဝင်မှု တန်ဘိုး (Cut-off Grade)၊

(၃) သတ္တုသိုက်ပမာဏ ခန့်မှန်းတွက်ချက်နိုင်သည့် သတ္တုသိုက်၏ အလျား၊ အနံ၊ အထုတို့အား စနစ်တကျ တိုင်းတာဖော်ပြပါရှိရမည့်အပြင် ကိုယ်စားပြုနမူနာအားလုံးသည် သင့်လျော်သည့် အကွာအဝေးအတွင်း ရယူရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သတ္တုသိုက်ပမာဏနှင့် ပါဝင်မှုတို့အား ပိုမိုသင့်လျော်စွာ စံနှုန်းသတ်မှတ်နိုင်ရန် အောက်ပါသတ္တုသိုက်အမျိုးအစားအလိုက်ဆောင်ရွက် ရမည်ဖြစ်ပါသည်-

(က) ပင်ရင်းသတ္တုသိုက်

သတ္တုရိုင်းသိုက်အနေအထား၊ အမျိုးအစား (ဥပမာ-အကြော၊ အကြောမျှင်၊ ပျံ့ကျဲ)ပေါ် မူတည်၍ စိန်လွန်တွင်းများ၊ အစမ်းကျင်းများ၊ အစမ်းမြောင်းရှည်များ၏ ၄ ကွက်ကြား ပုံစံဖြင့် မီတာ ၅၀၊ မီတာ ၁၀၀ မကျော်စေဘဲ သတ်မှတ်ရမည်။

(ခ) စက်မှုတွင်းထွက်ကုန်ကြမ်းများဖြစ်သည့် ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါ်ဒန်နှင့် အခြားတွင်းထွက်သိုက်များ

သတ္တုရိုင်းသိုက်အနေအထား၊ အရွယ်အပေါ်မူတည်၍ စိန်လွန်တွင်းများ၊ အစမ်းကျင်းများ၊ အစမ်းမြောင်းရှည်များ၏ အကွက်ရိုက်အကွာအဝေးကို မီတာ ၁၀၀၊ မီတာ ၂၀၀ မကျော်စေဘဲ သတ်မှတ်ရမည်။

(ဂ) ရွှေ၊ ရွှေဖြူနှင့် ခဲမဖြူ-အဖြိုက်နက်သတ္တုများ၏ ရွှံ့မျောနှင့် နုန်းမြေသိုက်များ

ရွှေနှင့် ရွှေဖြူသတ္တုများအတွက် စိန်လွန်တွင်းများ၊ အစမ်းကျင်းများ၊ အစမ်းမြောင်းရှည် များ၏ ၄ ကွက်ကြား အကွာအဝေးကို မီတာ ၅၀၊ မီတာ ၁၀၀ မကျော်စေဘဲ သတ်မှတ်ရမည်။ အကွာအဝေးကို ၁၀၀ မီတာ မကျော်စေဘဲသတ်မှတ်၍ အစုအပုံ ကိုယ်စားပြုနမူနာကိုလည်း လိုအပ်သည့်ပမာဏအထိ ရယူဆောင်ရွက်ရမည်။